# Message Two

ယနေ့၏ သင်းကဲ့သို့ စုပေါင်းထားသောခရစ်တော် ဖြစ်ဘို့ရန်၊ သဘောကောက်လျက် သွေဖည်ဖောက်ပြန်သော မျိုးဆက်မှ ကယ်တင်ခြင်း

ကျမ်းပိုဒ်ဖတ်ရန်။ Act. 2:40; 1cor. 12:12; Phil. 2:12-13, 15-16; Heb. 11:7; 1pet. 3:20-21

I. ယနေ့ မြေကြီးပေါ်တွင် အမျိုး နှစ်မျိုးသာရှိသည်၊ သဘောကောက်လျက် သွေဖည်ဖောက်ပြန်သောမျိုးဆက်နှင့် စုပေါင်းထားသောခရစ်တော် ထင်ရှားခြင်းကဲ့သို့ဖြစ်သော အသင်းတော် ဖြစ်သည်။ Acts 2:40; phil.2:15; 1cor. 1:2; 12:12, 27.

A. ဘယ်သူမဆို အသင်းတော်၌ ယနေ့ စုပေါင်းထားသော ခရစ်တော်ထင်ရှားခြင်းကဲ့သို့ မရှိသောသူသည် သဘောကောက်သော မျိုးဆက် အထဲ၌ ရှိသည်။ Acts 2:40; 8:1.

1. ခရစ်တော်၌ ယုံကြည်သူတစ်ယောက်သည် အသင်းတော်၌ တည်ဆောက်ခြင်း မခံသောသူသည် ကောက်ကျစ်၍ လမ်းလွဲစေသော မျိုးဆက်၌ ရှိသည်။ Eph. 4:15-17.

2. အကယ်၍ ဘုရားသခင်၏ သား/သမီး ယုံကြည်သူတစ်ယောက်သည် အသင်းတော်၌ မရှိလျှင် ထိုသူသည် ခရစ်တော်၏ သက်သေခံချက်၌ မရှိပါ၊ ထိုကဲ့သို့သော ယုံကြည်သူသည် ဤဆိုးညစ်သော ခေတ်ကာလ၏ သဘောကောက်လျက် သွေဖည်ဖောက်ပြန်သော မျိုးဆက်အထဲ၌ ရှိသည်။ Gal. 1:4; Rev. 1:11, 20; 22:16.

B. ယုံကြည်သူ၊ မယုံကြည်သူနှင့်တကွ တစ်ကမ္ဘာလုံးသည် ဘုရားသခင်အားဖြင့် အပြစ်တင်ရှုပ်ချခဲ့သည်၊ ဘုရားသခင်သည် သူ၏ပြန်လည်ရယူခြင်း၌ ယနေ့၏ ရေစီးကြောင်းကို ကာကွယ်တိုက်ခိုက်ရန်၊ သစ္စာရှိစွာ သူ့ကိုရှာဖွေယ်သောသူများ နှင့် သူ့ကိုချစ်သော သူတွေကို အသုံးပြုခဲ့သည်။ Heb. 11:7; 2 Pet. 2:5; Gen. 6:9; 7:1.

C. ခရစ်တော်၏ စုပေါင်းထင်ရှားခြင်း ကဲ့သို့ဖြစ်သော အသင်းတော်သည် ယနေ့၏ ဆိုးညစ်သော မျိုးဆက်တွေကို ကာကွယ်တိုက်ခိုက် သော သက်သေခံချက် ဖြစ်သည်၊ Phil. 1:1; 2:15-16; 4:15; Rev. 2:13

1. အသင်းတော်သည် ခရစ်တော်၏ သက်သေခံချက် ဖြစ်သည်၊ သဘောကောက်သော၊ ဆိုးညစ်သော၊ သွေဖည်ဖောက်ပြန်သော မျိုးဆက်များကို ကာကွယ်စောင့်ရှောက်ခဲ့သည်၊ Acts 2:32-33; 7:51-60.

2. ခရစ်တော်၏ သက်သေခံချက်ကဲ့သို့၊ ကျနော်တို့၊ ခရစ်တော်၏ စုပေါင်းထင်ရှားခြင်းကဲ့သို့ဖြစ်သော အသင်းတော်သည် ယနေ့၏ သဘောကောက်လျက် သွေဖည်ဖောက်ပြန်သော မျိုးဆက်များကို ကာကွယ်တိုက်ခိုက် ရပ်တည်ခဲ့သည်။ Acts 2:32-33

II. အကယ်၍ ကျနော်တို့သည် အသင်းတော်အသက်သာ၌ ခရစ်တော်၏ စုပေါင်းထင်ရှားခြင်း ဖြစ်ကြလျှင်၊ သင်္ဘောကဲ့သို့ စုပေါင်းထားသော ခရစ်တော်တည်ဆောက်ခြင်း၊ ယနေ့၏ နောဧ မိသားစုကဲ့သို့ ကျနော်တို့ဖြစ်ဖို့လိုအပ်၍၊ သဘောကောက်လျက် သွေဖည်ဖောက်ပြန်သော မျိုးဆက်မှ ကျွန်ုပ်တို့ကို ကယ်ဆယ်၍ လာမည့်ခေတ်ကာလ ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ကျွန်ုပ်တို့ကို အစပြု ဝင်စေမည်။ Gen.6:8-8:3; 1Cor. 12:12; Phil. 2:12-13; 1pet. 3:20-21.

A. နောဧအားဖြင့် တည်ဆောက်ခဲ့သော သင်္ဘောသည် ဘုရားသခင်၏ ရွေးချယ်ခံ ကယ်တင်ခြင်းကဲ့သို့ ခရစ်တော်ကို ပုံဆောင်ခြင်း ဖြစ်သည်၊ ယနေ့ ကျနော်တို့ တည်ဆောက်သော သင်္ဘောသည် ယနေ့၏ သဘောကောက်လျက် သွေဖည်ဖောက်ပြန်၍ ဆိုးညစ်သောမျိုးဆက်မှ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကဲ့သို့ဖြစ်သော စုပေါင်းထားသောခရစ်တော်၊ အသင်းတော်ဖြစ်သည်။ 1pet. 3:20-21; 1cor. 12:12,27.

B. အသင်းတော်အသက်သာသည်၊ ဘုရားသခင်၏ နိုင်ငံတော်ယူဆောင်ရန်နှင့် ယခုခေတ်ကို အဆုံးသတ်စေရန် ယနေ့၏ သင်္ဘောဖြစ်သည်။ 1cor. 1:2; 12:12, 27; 1Thes. 1:1, 9:10.

1. ကိုယ်တော်၏ လိုအင်ဆန္ဒသည် နောဧ၏ မိသားစု သင်္ဘောကို တည်ဆောက်၍ ဤခေတ်ကာလ၏ ဦးတည်ချက်ကို ဆန့်ကျင်သက်သေပြရန် သို့မှသာ ကိုယ်တော်သည် သူတို့ကို အသုံးပြု၍ ဤခေတ်ကာလကို အဆုံးသတ်စေပြီး နိုင်ငံတော်ကို ယူဆောင်လာမည် ဖြစ်သည်။ Heb. 11:7; Rev. 11:15.

a. နောဧသည် ဘုရားသခင်၏တရားစီရင်ခြင်းမှ ကယ်တင်ရုံသာမက၊ သဘောကောက်လျက် သွေဖည်ဖောက်ပြန်၍ ဆိုးညစ်သော မျိုးဆက်မှ ကယ်တင်ခြင်းခံခဲ့သည်။ Gen. 6:8-8:3

b. နောဧ တည်ဆောက်ခဲ့သော ကယ်တင်ခြင်း အမျိုးအစားသည် ထာဝရပျက်စီးခြင်းမှ လုံခြုံ၍ ဝမ်းမြောက်ခြင်း၏ ကယ်တင်ခြင်းမျှသာ မဟုတ်ဘဲ သဘောကောက်၍ ဆိုးညစ်သော မျိုးဆက်အထဲကနေ့လည်း ကယ်တင်၍ ခေတ်သစ်အထဲသို့ ကူးပြောင်း စေသည်။ Gen.6:2-3, 8, 11-14; 7:1.

2. အသင်းတော်အသက်သာ၌ ကျနော်တို့တည်ဆောက်နေသော အရာသည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း နှင့် ကျွန်ုပ်တို့၏ အောက်၌ ပြုစုစောင့်ရှောက်သော သူများ၏ ကယ်တင်ခြင်း အတွက်၊ သဘော်ကဲ့သို့ စုပေါင်းထားသော ခရစ်တော်ကို တည်ဆောက်ခြင်း ဖြစ်သည်။ 1Cor. 12:12; 14:26; Phil. 2:12-13

C. ဖိလိ၊ ၂း၁၂ ၌ ရှိသော ကယ်တင်ခြင်းသည် သဘောကောက်လျက် သွေဖည်ဖောက်ပြန်သော မျိုးဆက်မှ ကယ်နုတ်သော ကယ်တင်ခြင်းဖြစ်သည်၊ ဤသို့သော ကယ်တင်ခြင်းသည် ယနေ့၏ သဘော်ကဲ့သို့ ကျနော်တို့က တည်ဆောက်နေသော စုပေါင်းထားသောခရစ်တော်ကဲ့သို့ဖြစ်သောအသင်းတော်ဖြစ်သည်။ 1Cor. 1:2; 12:12; Eph.2:21-22.

1. မှန်ကန်သော အသင်းတော်အသက်သာ ရရှိဖို့ရန် တစ်လုံးတစ်ဝ၏ အခြေပြု(ground) အပေါ်ရပ်တည်ရုံသာမကဘဲ လက်ရှိဆိုးညစ်သော မျိုးဆက်မှ ကျွန်ုပ်တို့ကိုယ်တိုင် ကယ်တင်ဖို့ရန် သဘော်ကို တည်ဆောက်၍ ခေတ်သစ် အထဲသို့ ကျွန်ုပ်တို့ကို ယူဆောင်လာမည်ဖြစ်သည်။ Eph. 4:3, 16.

2. ဘုရားသခင်ကိုယ်တိုင် အားဖြင့် တိုက်ရိုက် တည်ဆောက်ခြင်းမဟုတ်ဘဲ၊ သူ၏အတွင်းပိုင်းပြုပြင်ခြင်း နှင့်အတူတကွ ကျွန်ုပ်တို့၏ နေ့စဉ် ပူပေါင်းလုပ်ဆောင်ခြင်း အားဖြင့် ရရှိသော ကယ်တင်ခြင်းကို ကျနော်တို့ လိုအပ်သည်။ Phil. 2:12-13

D. ယနေ့၏ ဆိုးညစ်သော မျိုးဆက်မှ ကျနော်တို့ကို ကယ်တင်နိုင်သော သဘော်၊ အသင်းတော်ကို ဘုရားသခင် အလိုရှိသည်။Acts 2:40-47.

1. ဤသဘော်အားဖြင့် သဘောကောက်သော မျိုးဆက်မှ ကျွန်ုပ်တို့ကို ကယ်နုတ်၍ ဘုရားသခင်၏ နိုင်ငံတော်အထဲသို့ ကျွန်ုပ်တို့ကို ယူဆောင်၍ သူ၏ ထာဝရရည်ရွယ်ချက်ကို ပြည့်စုံဖို့ရန် ဘုရားသခင် အလိုရှိသည်။ Matt. 6:33; 13:43; Luke 12:32; Rev. 11:15.

2. ဘုရားသခင်သည် ကျနော်တို့ကို မှန်ကန်သော အသင်းတော်အသက်သာ၊ သဘော်ထဲ၌ ရှိမရှိသည်ကို သာ ခရုစိုက်ခဲ့သည်၊ သူသည် ကျွန်ုပ်တို့ကို စုပေါင်းထားသော ခရစ်တော်၏ အပိုင်း၊ ယေရှု၏ သက်သေခံချက် ဖြစ်ဖို့ရန် အလိုရှိသည်။ 1Cor. 12:12; Rev. 1:2, 9, 11,20; 22:16.

E. ကျနော်တို့သည် တစ်ဦးချင်းဆိုင် ခရစ်တော်တည်းသာ ဟောပြောဖို့ရန် မဟုတ်ဘဲ၊ ယနေ့၏ သဘော် ဖြစ်သော၊ အသင်းတော်၊ စုပေါင်းတည်ဆောက်ရန် ခရစ်တော်ကို လိုအပ်သည်၊ ဤသို့ စုပေါင်းထားသော ခရစ်တော်အားဖြင့် သဘောကောက်လျက် သွေဖည်ဖောက်ပြန်သော မျိုးဆက်မှ ကျနော်တို့ကို ကယ်တင်နိုင်မည် ဖြစ်သည်။ Acts 8:35; 1Cor.12:12.

1. တမန်တော်များသည် တစ်ဦးချင်းဆိုင် ခရစ်တော်ကို ဟောပြောကြသောအခါ၊ သူတို့သည် စုပေါင်းထားသော ခရစ်တော်ကို တည်ဆောက်ကြသည်၊ ထိုသဘော်အထဲ၌ ပြည့်စုံသော ဘုရားသခင်၏ ကယ်တင်ခြင်းကို မွေ့လျော်ဝမ်း မြောက်လိမ့်မည်။ Acts 8:1, 4-5,. 35; 13:1, 14:23.

2. ကျနော်တို့လည်း တမန်တော်များ လုပ်ဆောင်သည့်အတိုင်း သစ္စာရှိစွာ လုပ်ဆောင်သင့်သည် - သတင်းကောင်းဟောပြောခြင်း နှင့် သဘော်ကိုတည်ဆောက်ခြင်း၊ ခရစ်တော်ကိုဟောပြောခြင်းနှင့် ခရစ်တော်ကို တည်ဆောက်ခြင်း။ 1 These. 1:1,8; 1cor. 12:12; 14:4-5, 12,26.

F. ဤသဘော်တည်ဆောက်ခြင်းကို ပြီးမြောက်သော အခါ၊ သခင်ယေရှုကြွလာမည် ဖြစ်သည်။ Rev. 19:7; 22:7, 12, 20.

1. ကိုယ်တော်ပြန် မကြွရသေးပါ၊ အဘယ်ကြောင့်ဆိုသော် သူသည် သဘော်ပြီးမြောက်စွာတည်ဆောက်ခြင်းကို စောင့်ဆိုင်းနေတုံး ဖြစ်သည်။
Matt. 16:18, 27.

2. ဘုရားသခင်၏ ပြန်လည်ရယူခြင်း၌ အသင်းတော်၏ သက်သေခံချက်သည် ရင့်ကျက်လာသောအခါ သခင်ယေရှု ပြန်ကြွလာ လိမ့်မည်။ Rev. 19:7; 22:7, 12, 20.